# ဘုရားပျိုကျေးရွာ

# ခရမ်းမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၆ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုရားပျိုကျေးရွာ၊ ခရမ်းမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


**မာတိကာ** ၁

**စကားချီး** ၅

**ဘုရားပျိုကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ခရမ်းမြို့နယ်** ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၈

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၈

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၀

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများအား လက်လှမ်းမှီ ရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်း နှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၇

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၁၉

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၂၁

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၆

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၇

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၉

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံချက် ဇယားများ** ၃၁

(၁) ကျေး ရွာ၏ လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား

ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၅ ဥစ္စာနေ အဆင့် အခြေအနေ

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့် အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ စျေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၂

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၅

ဇယား ၄၅ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

**ကိုးကားစာရင်း** ၇၀

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၁
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသားများပူးပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင် ရမည့်လုပ်ငန်းဖြစ်ပြီး ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်သည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံချက် လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဘုရားပျိုကျေးရွာ

ခရမ်းမြို့နယ်

## ဘုရားပျိုကျေးရွာပြမြေပုံ၊ခရမ်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်း များ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာ သုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ် သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာ ကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါ သည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွား

ရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင် ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး

ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ဘုရားပျိုကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် (၁၃) ပေတွင်တည်ရှိပြီး၊ ခရမ်းမြို့ နှင့် စစ်တောင်းမြစ်ဝသို့သွားသော လမ်းမကြီးပေါ်တွင် တည်ရှိသည်။ ခရမ်းမြို့နှင့် (၁၂) မိုင်ခန့်သာ ကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်မှုရှိသည်။ ပူအိုက်စွတ်စိုသော ရာသီဥတုဖြစ်ပြီး၊ မိုးရေချိန်အသင့်အတင့်ရရှိသော ဒေသဖြစ်သည်။ ဘုရားပျိုကျေးရွာအုပ်စုသည် ညီညာပြန့်ပြူးသော မြေပြန့်လွင်ပြင်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြေကြသည်။ ချောင်းလက်တက် အနည်းငယ် ရှိပြီး မိုးရာသီတွင် ရေလမ်းဖြင့်အခြားရွာများသို့သွားရောက်နိုင်သည်။

### (ခ) သဘာဝအရင်းအမြစ်များ

ရေရှိသည့်နေရာ အမျိုးအစားဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ၊ လယ်မြေ ဧကပေါင်း(၆၀၉)ဧကအား (၆၅)အိမ်ထောင်စုက ပိုင်ဆိုင်ကြသည်။ နောက်ထပ်တိုးချဲ့ စိုက်ပျိုးရန် မြေနေရာမရှိတော့ပေ။ စပါး၊ပဲတီစိမ်း နှင့် မတ်ပဲ များအဓိကစိုက်ပျိုးကြပြီး၊ ထွက်ရှိသော ကောက်ရိုးများ အားလည်း တိရိစ္ဆာန်အစာအဖြစ် အသုံး ပြုနိုင်ကြပေသည်။ လယ်ယာမြေများမှာလည်း အသင့်အတင့် ကောင်းမွန်မှုရှိပြီး၊ သီးထပ်အဖြစ်စိုက်ပျိုး နိုင်ကြသည်။

## ၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင်အိမ်ထောင်စု(၄၀၄)ရှိပြီး လူဦးရေစုစုပေါင်း(၁၇၁၈)ဦးရှိပါသည်။ ပျမ်းမျှ မိသားစု တစ်စုလျှင် (၄)ဦးနှုန်း နေထိုင်ကြပါသည်။ အသက် (၁၅နှစ်မှ၆၀နှစ်)အထိ အလုပ်လုပ်နိုင်သော လူဦးရေသည် စုစုပေါင်းလူဦးရေ၏၇၁.၆၅% ရှိပြီးလူဦးရေစုစုပေါင်း၏ ၂၈.၃၅%သည် မှီခိုသူများ ဖြစ်ကြသည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

လယ်ယာမြေပိုင်ဆိုင်ကြသော အိမ်ထောင်စုမှာ၁၉%သာရှိကြပြီး ၇၄%ရှိသော လယ်ယာမဲ့များမှ စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်များတွင် လယ်ပိုင်ရှင်များထံ လုပ်ကိုင်နေကြရသည်။ လယ်ယာမဲ့ အိမ်ထောင်စုအများစုက လုပ်အားကိုလယ်ပိုင်ရှင်များထံကြိုရောင်းပြီး ငွေထုတ်ယူ စားသုံးသည့် အလေ့ အထ ရှိသည်။

မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်၍ အဆင်ပြေသော အိမ်ထောင်စုများသည် ဧက(၁၅-၂၀)ထိသာ ပိုင်ဆိုင်ကြောင်း တွေ့ရှိရပြီး လယ်ယာ ပိုင်ဆိုင်မှုအ (၅-၁၀)ဧကကြားပိုင်ဆိုင်ကြသည်။ ဆင်းရဲသော အိမ်ထောင်စုများသည် (၅) ဧကအောက်ပိုင်ဆိုင်ကြပြီး အလွန်ဆင်းရဲသောအိမ်ထောင်စုများမှာ မြေယာ ပိုင်ဆိုင်မှုလုံး၀ မရှိကြောင်း သိရှိရသည်။ အဆင်ပြေသောအိမ်ထောင်စုများသည် ခြွေလှေ့စက်၊ ထွန်စက် နှင့်ထော်လာဂျီတို့ ပိုင်ဆိုင်ထားကြောင်းသိရှိရသည်။ ၎င်းအပြင် နွားနှင့်ဆိတ်တို့အား အဆင်ပြေသော အိမ်ထောင်စုများမှ ပိုမို ပိုင်ဆိုင်ထားကြောင်း သိရသည်။ အဆင်ပြေသောအိမ်ထောင်စုများသည် ကား၊ ထော်လာဂျီနှင့် မီတာခွက်များပိုင်ဆိုင်ထားကြောင်းလည်း တွေ့ရှိရသည်။ အဆင်ပြေသော အိမ်ထောင်စု ရာခိုင်နှုန်း (၁၃%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၂၇%)၊ ဆင်းရဲ သော အိမ်ထောင်စု (၃၁%)၊ အလွန် ဆင်းရဲသော အိမ်ထောင်စု (၂၈%) အသီးသီး ရှိ ကြောင်း သိရှိ ရ သည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာအိမ်ထောင်စု၏ (၃၁)ရာခိုင်နှုန်းမှာ ဆင်းရဲသောအိမ်ထောင်စုများ ဖြစ်ကြပြီး (၂၈) ရာခိုင်နှုန်းခန့်မှာ အလွန်ဆင်းရဲသော အိမ်ထောင်စုများဖြစ်ကြပါသည်။ ကျေးရွာရှိ အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စုများသည် အတည်တကျဝင်ငွေရလုပ်ငန်းမရှိကြသဖြင့် စားဝတ်နေရေး ပြေလည်မှုမရှိကြပေ။ ဆင်းရဲသောအမျိုးသမီး ဦးဆောင်အိမ်ထောင်စု(၂၈)စု ရှိကြောင်းတွေ့ရှိရသည်။ မိသားစုစောင့်ရှောက်မှုမရှိသော အသက်(၆၀)နှင့် အထက် ကျား(၁၅) ဦးနှင့် မ(၃၀)ဦး၊ စုစုပေါင်း (၄၅)ဦး ရှိပါသည်။ မသန်စွမ်းသည့် ပုဂ္ဂိုလ်မ(၅)ဦးရှိပြီး ၎င်းတို့အားလုံးမှာ ထိခိုက်နစ်နာလွယ်သော သူများဖြစ်ကြသည်။

## (ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးလက်ကျန်းမာရေးဌာနတစ်ခုကျေးရွာတွင်တည်ရှိပြီး ကုတင် (၁၀) လုံးဆန့် ဆေးခန်း တစ်ခုဖြစ်သည်။ သားဖွားဆရာမ တစ်ဦး ကျေးရွာတွင်တည်ရှိပြီး အဖြစ်များသောရောဂါမှာ သွေးလွန် တုပ်ကွေးဖြစ်သည်။ ယင်လုံအိမ်သာသုံးစွဲမှုနှင့်ပတ်သက်၍ အိမ်တိုင်းနီးနီး သုံးစွဲကြကြောင်းကို ကျေးရွာ အခြေအနေကို ရွာသူရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ သိရှိရသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ပညာရေးနှင့်ပတ်သတ်ပြီး လုံးဝကျောင်းမနေသူဦးရေသည် စုစုပေါင်းလူဦးရေ၏ (၃.၈၈%) သာရှိသည်ကိုတွေ့ရသဖြင့် ပညာရေးကိုအလေးထားသည်ဟု ကောက်ချက်ဆွဲလို့ရသည်။ ကျေးရွာတွင် အထက်တန်းကျောင်းခွဲတစ်ခုတည်ရှိသည်။ မူလတန်းပြီးစီးမှုနှုန်း(၈၆%)၊ အလယ်တန်းပြီးစီးမှုနှုန်း (၅၉%)၊ အထက်တန်းပြီးစီးမှုနှုန်း (၂၄%)၊ တက္ကသိုလ်ပညာပြီးစီးနှုန်း(၄%)အသီးသီး ရှိကြောင်း တွေ့ရှိရပါသည်။ လုံးဝကျောင်းမနေသူများမှာ (၈%) သာရှိကြောင်းတွေ့ရှိရပေသည်။

### (စ) ကျားမဆိုင်ရာဆက်သွယ်မှု

အမျိုးသမီးနှင့်အမျိုးသားများသည် လူမှုရေး၊ ဘာသာရေးလုပ်ငန်းများတွင် အတူတကွပူးပေါင်း ပါဝင်လုပ်ကိုင်ကြသည်။ အမျိုးသမီးအဖွဲ့များရှိပြီး ဝတ်ရွတ်ခြင်း၊ အလှူအတန်းများတွင် ကုသိုလ်ပြု ခြင်းများ ပြုလုပ်ကြသည်။ အမျိုးသမီးကောက်စိုက်အဖွဲ့များလည်းရှိပြီး စပါးစိုက်ပျိုးခြင်းများတွင် လုပ်အားထည့်ဝင်မှုများရှိကြသည်။ အမျိုးသမီးနှင့်အမျိုးသားများ ခွဲခြားခြင်းမပြုလုပ်ဘဲ ကျေးရွာလုပ် ငန်းများတွင် ညီတူမျှတူပူးပေါင်းပါဝင်မှုရှိကြသည်။ အဓိကသီးနှံစိုက်ပျိုးမည့် သီးနှံနှင့်ပတ်သက်၍ အတွေ့အကြုံရှိသောအမျိုးသားများမှ ဦးဆောင်ပြုလုပ်ကြသည်။ သို့သော် မိမိအမျိုးသမီးများအား တိုင်ပင် ဆွေးနွေးပြီး လိုအပ်သောအကြံဉာဏ်များ ရယူလေ့ရှိသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာအတွင်းရှိအဖွဲ့များမှာ ရပ်ရေးရွာရေးများတွင် စိတ်ဝင်စားစွာလုပ်ကိုင်ကြသော်လည်း အချင်းချင်းအပြန်အလှန် ယုံကြည်မှုအားနည်းကြောင်း တွေ့ရှိရသည်။ ညှိနှိုင်းဆွေးနွေးမှုအားနည်းခြင်း၊ ပုဂ္ဂိုလ်ရေးအားပြိုင်မှုများခြင်းကို ကျေးရွာအတွင်း၌တွေ့ရှိရသည်။ ကောင်းမွန်သော အုပ်ချုပ်မှုဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းများဖန်တီးပေးခြင်း၊ ခေါင်းဆောင်မှုသင်တန်းနှင့် ပူးပေါင်းပါဝင်ခြင်းဆိုင်ရာ သင်တန်းများပေးခြင်းဖြင့် ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုများ ကောင်းမွန်လာစေပြီး ကျေးရွာဖွံ့ဖြိုးရေး အတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ အဓိကစိုက်ပျိုးရေးမှာ စပါး၊မတ်ပဲနှင့်ပဲတီစိမ်းတို့အား အဓိက စိုက်ပျိုးထားကြောင်း သိရှိရသည်။ လယ်မြေဧက (၆၀၀) ကျော်ရှိပြီး၊ ပဲတီစိမ်းအား ဆောင်းသီးနှံ သီး ထပ်အဖြစ် စိုက် ပျိုးကြကြောင်း တွေ့ရှိရသည်။ မိုးရေဖြင့်အဓိကအားထား၍ စိုက်ပျိုးကြပြီး ကျန်ရှိသောအစိုဓာတ်ဖြင့်

ဆောင်းသီးနှံအဖြစ် ပဲအားစိုက်ပျိုးကြသည်။ အိမ်ထောင်စု (၃၆) ကျော်မှ လက်တွန်းထွန်စက် (၃၆) စီး ပိုင်ဆိုင်ကြပြီး ထွန်စက်နှင့်ရေစုပ်စက်ကိရိယာ အများအပြားသုံးစွဲကြောင်း တွေ့ရှိရသည်။

ဓာတ်မြေဩဇာ၊ မျိုးစေ့များ၊ ပိုးသတ်ဆေးများအား ခရမ်းမြို့မှရရှိနိုင်သည်။ ပဲစိုက်ပျိုးရာသီတွင် စိုက်ဆေးကုမ္ပဏီများမှ ကျေးရွာများအရောက် စိုက်ပျိုးရေးဆေးများ ရောင်းချကြသည်။ ခရမ်းမြို့တွင် စိုက်ပျိုးရေးဆေးဆိုင်၊ ကုမ္ပဏီအရောင်းပြခန်းများရှိပြီး လိုအပ်ချိန်တိုင်း စိုက်ပျိုးရေးနည်းပညာ၊ သွင်းအားစုများနှင့်ပတ်သက်၍ နည်းပညာသင်တန်းများ ပေးလျှက်ရှိသည်။ ခရမ်းမြို့တွင် စိုက်ပျိုးရေး ဆေးဆိုင်၊ ကုမ္ပဏီအရောင်းပြခန်းများရှိပြီး လိုအပ်ချိန်တိုင်း၊ စိုက်ပျိုးရေး နည်းပညာ၊ သွင်းအားစုများ နှင့်ပတ်သက်၍ နည်းပညာသင်တန်းများ ပေးလျှက်ရှိသည်။ ကုန်သည်ပွဲစားများထံ၌လည်းကောင်း စပါးပွဲရုံ၊ ပဲပွဲရုံများ ခရမ်းမြို့ပေါ်တွင် ရှိကြသည်၊ အများစုသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် သဖြင့် ကိုယ်တိုင်သွားရောက် ရောင်းချကြသည်။ မွေးမြူရေးနှင့်ပတ်သက်၍ နွားကို လယ်ယာလုပ်ငန်း အတွက် အဓိကမွေးမြူကြပြီး ဆိတ်၊ ဝက်၊ ဘဲနှင့် ကြက်တို့အား တစ်ပိုင်တစ်နိုင် အနေဖြင့်မွေးမြူကြ သည်။ တိရိစ္ဆာန်အတွက် လိုအပ်သောအစားအစာ၊ ဆေးဝါးများအား ခရမ်းမြို့မှရရှိနိုင်သည်။ တောင်သူ လယ်သမားများသည် လွန်ခဲ့သောသုံးနှစ်ခန့်မှစပြီး ကျွဲနွားများမွေးမြူမှုကို စွန့်လွှတ်လာကြပြီး ခေတ်မီ စက်ကရိယာများဖြင့် အစားထိုးလုပ်ကိုင်လာကြသဖြင့် မွေးမြူရေးကို တစ်ပိုင်တစ်နိုင်သာ မွေးမြူလာ ကြသည်။ မွေးမြူရေးကို ဦးစားပေးလုပ်ကိုင်မှု နည်းပါးလာသည်ကို တွေ့ရသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ

ကုန်သည်ပွဲစား၊ ကုန်စုံဆိုင်၊ အိမ်ဈေးဆိုင်နှင့် စိုက်ပျိုးရေးဆေးဆိုင်များ ရောင်းချကြပြီး၊ အသင့်အတင့် အဆင်ပြေမှုရှိကြသည်။ ခရမ်းမြို့နှင့် (၉) မိုင်သာကွာဝေးပြီး လမ်းပန်း ဆက်သွယ်ရေး အထူးကောင်းမွန်သောကြောင့် အခြားလုပ်ငန်းများလည်း ရန်ကုန်နှင့်ခရမ်းမြို့ပေါ်တွင် သွားရောက် လုပ်ကိုင်ကြသည်။

### (ဃ) ပတ်ဝန်းကျင်နှင့်သဘာဝသယံဇာတစီမံခန့်ခွဲမှု

ဓါတ်မြေဩဇာအသုံးများပြီး ဓါတုဆေးများအပေါ် မှီခိုလွန်းခြင်းကြောင့် မြေဆီလွှာ အရည် အသွေးများ ယိုယွင်းပျက်စီးလာခြင်းများ ကြုံတွေ့ရသည်။ ထို့ကြောင့် ပိုးများ ဆေးယဉ်ပါးလာပြီး ပိုးကျရောက်မှု ပိုမိုများပြားလာကြောင်း တွေ့ရသည်။ လျှပ်စစ်ဖြင့်ရှော့တိုက်ငါးဖမ်းခြင်းများ၊ ဓါတု ပိုးသတ်ဆေးများကြောင့် ငါးမျိုးများရှားပါးလာရသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အားနည်းချက်များရှိပြီး ပလတ်စတစ်အိတ်ခွံ၊ ဗူးခွံများ စည်းမဲ့ကမ်းမဲ့စွန့်ပစ်နေခြင်းကြောင့် ပတ်ဝန်းကျင်နှင့် ရေနေသတ္တဝါများ ထိခိုက်ဆုံးရှုံးရသည်။

## (င) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာ

ချေးငွေထုတ်ချေးသောအဖွဲ့(ဘဏ်)နှင့်ပတ်သက်၍ ခရမ်းမြို့တွင် စိုက်ပျိုးရေးဘဏ်မှ လယ်စပါး စိုက်ပျိုးရန်ချေးငွေထုတ်ချေးပေးပြီး တစ်ဧကတစ်သိန်းနှုန်းဖြင့် (၁၀)ဧကအထိသာ ထုတ်ချေးကြသည်။ မိတ်ဆွေနှင့်ဆွေမျိုးများထံမှလည်းကောင်း၊ ငွေချေးပေးသူများထံမှ လုပ်ငန်းကြိုတင်ငွေထုတ်ပေး ခြင်းဖြင့် လည်းကောင်း လက်လှမ်းမှီမှုများရှိကြသည်။ သို့သော် ချေးငွေများမှာ အကန့်အသတ်နှင့်သာ ဖြစ်ပြီး အခြားမွေးမြူရေးချေးငွေထုတ်ချေးသောအဖွဲ့များ မရှိပေ။ ပြင်ပမှချေးသောငွေများမှာ အတိုးနှုန်း မြင့်မားပြီး ယုံကြည်သူများကိုသာ ထုတ်ချေးလေ့ရှိကြောင်းတွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်အထက်တန်းကျောင်းခွဲတစ်ခုရှိပါသည်။စာ သင်ကျောင်းအရွယ်အစားမှာ အလျား ၁၂၀ပေ၊ အနံ၉၀ပေနှင့် အမြင့်၁၅ပေ ရှိပြီး စုစုပေါင်း (၄) ဆောင်ရှိပါသည်။ စာသင်ကျောင်းဆောင်မှာ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်အမျိုးအစားဖြစ်ပြီး အသင့်အတင့်ကောင်းမွန်ပါသည်။ ၎င်းအပြင် နှစ်ထပ် ဆောင်တစ်လုံးတစ်ခုရှိပြီး အဆောက်အဦးမှာ အသင့်အတင့်ကောင်းမွန်မှုရှိကြောင်း တွေ့ရှိရသည်။ သို့ သော် ကျောင်းသုံးပရိဘောဂအချို့မှာ အနည်းငယ်လုံလောက်မှုမရှိပါ။ ကျေးရွာအတွင်း၌သာတည်ရှိပြီး ခြေကျင်၊ စက်ဘီး၊ မော်တော်ဆိုင်ကယ်များဖြင့်ကျောင်းတက်ကြသည်။ ကျောင်းဆရာ/မများ (၃၉) ဦး ရှိသည်။ အစိုးရမှကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများထောက်ပံ့ပေးသောကြောင့် ဆင်းရဲနွမ်းပါး သောကျောင်းသားများ ကျောင်းတတ်လာနိုင်ကြသည်။ကျန်းမာရေးနှင့်ပတ်သက်၍ အဖြစ်များသော ရောဂါမှာ သွေးလွန်တုပ်ကွေးဖြစ်ပြီး ခရမ်းပြည်သူ့ဆေးရုံကြီးတွင် လိုအပ်သောကုသမှုများပြုလုပ် နိုင်ကြသည်။ ဆေးနှင့်ပတ်သက်သောအသုံးအဆောင်ပစ္စည်းများ ခရမ်းပြည်သူ့ဆေးရုံတွင် ပြည့်စုံ လုံ လောက်မှုရှိပြီး (၂၄) နာရီဝန်ဆောင်မှုများ ရရှိနိုင်ပေသည်။

သောက်သုံးရေရရှိမှုနှင့်ပတ်သက်၍ အဝီစီတွင်းနှင့် ကျေးရွာသောက်ရေကန်များမှ တစ်နှစ် ပတ်လုံး လုံလောက်စွာရရှိနိုင်ပေသည်။ အိမ်ထောင်စု (၄၀၄) စုမှ ယင်လုံအိမ်သာကိုသာ သုံးစွဲကြသဖြင့် ကျန်းမာရေးအသိပညာ ဗဟုသုတအသင့်အတင့်ရှိသည်ကို တွေ့ရသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် ပတ်သက်၍ ရောဂါအများအပြား မဖြစ်ပွားကြောင်းတွေ့ရှိရသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

ကျေးရွာအတွင်းရှိ လူငယ်များသည် သာရေးနာရေးကိစ္စများ ပူးပေါင်းလုပ်ကိုင်နိုင်ရန်အတွက် လူမှုရေးအဖွဲ့တွင် ပါဝင်ကြသည်။ ရပ်ကွက်အလိုက်တာဝန်များခွဲဝေကြပြီး လူပျိုအုပ်စုနှင့် အပျိုအုပ်စု ဟူ၍ နှစ်စုထပ်ခွဲကာ လုပ်ကိုင်ကြသည်။ ကျေးရွာဘုရားပွဲ၊ ကထိန်များတွင် ကူညီလုပ်အားပေးခြင်းဖြင့် ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြသည်။

## (၈) အခြေခံ အဆောက်အဦများအား လက်လှမ်းမှီ ရယူမှု-လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာအတွင်းရှိ လမ်းမှာ၂ပေအကျယ် ကွန်ကရစ်လမ်းခင်းထားသော်လည်း၊ တစ်ရွာလုံးအတွက် မလုံလောက်ပေ။ စိုက်ပျိုးကုန်ထုတ်လမ်းမှာမိုးတွင်း၌ သွားလာရခက်ခဲပြီး သယ်ယူပို့ဆောင်ရန်အခက်အခဲဖြစ်စေပေသည်။ ခရမ်းမြို့နှင့်(၃)မိုင်ခန့်သာကွာဝေးပြီး အချိန်မရွေးသွားလာနိုင်မှုသည်လည်း ကျေးရွာဖွံ့ဖြိုးရေးအတွက် လွန်စွာအထောက်အကူဖြစ်စေသည်။ သယ်ယူပို့ဆောင်ရေးနှင့်ပတ်သက်၍ စက်လှေ၊ မော်တော်ဆိုင်ကယ်ဖြင့် သွားလာကြပြီး သုံးဘီးထော်လာဂျီ၊ လိုက်ထရပ်ကားများဖြင့် ကုန်သယ်ယူပို့ဆောင်ခြင်းများ ပြုလုပ်နိုင်ကြသည်။ မဟာဓာတ်အားလိုင်းနှင့် နီးစပ်မှုရှိပြီး အဆင်ပြေသောအိမ်ထောင်စုများမှာ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဓာတ်အားသွယ်တန်း အသုံးပြုကြကြောင်း တွေ့ရှိရသည်။ အဆင်မပြေသော အိမ်ထောင်စုများမှာ ဆိုလာစနစ်ကိုသာ အားထားအသုံးပြုကြပြီး ဒီဇယ်အင်ဂျင်ဖြင့်လည်း ရံဖန်ရံခါအသုံးပြုမှုရှိကြောင်း တွေ့ရသည်။ တစ်ရွာလုံးလျှပ်စစ်မီးရရှိလာနိုင်ရန်အတွက် ကြိုးစားလုပ်ဆောင်နေဆဲဖြစ်သည်။ မဟာဓာတ်အားလိုင်းကကျေးရွာကိုဖြတ်သွားသဖြင့် အလွယ်တကူသွယ်ယူနိုင်ပြီး သွယ်ယူပြီးသောအိမ်ထောင်စုများလည်းရှိနေသည်။ လျှပ်စစ်မီးသွယ်ယူရန် အနည်းဆုံးကျပ်(၄၀၀၀၀၀)ကုန်ကျသဖြင့် တစ်ရွာလုံးမသွယ်ယူနိုင်သေးခြင်းဖြစ်သည်ဟု ရွာအစည်းအဝေးက ထုတ်ဖော်သွားသည်။ သတင်း၊ ဆက်သွယ်ရေးနှင့်ပတ်သက်၍ ကောင်းမွန်မှု အလွန်ရှိပြီး အိမ်တိုင်းနီးနီး ဖုန်းအသုံးပြုနိုင်ကြသည်။ မြန်မာ့ဆက်သွယ်ရေးလိုင်းနှင့် အော်ရီဒူးတယ်လီဖုန်းလိုင်းများအား လက်လှမ်းမှီစွာအသုံးပြုနိုင်ကြသည်၊

## (၅)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

မှုခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ ထူးခြားဖြစ်စဉ်များမရှိဘဲ ငြိမ်းချမ်းစွာနေထိုင်ကြောင်းတွေ့ရှိရသည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလေ့ရှိသော်လည်း လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ်များမရှိပါ။ သာမာန်ခိုက်ရန်ဖြစ်ပွားမှု၊ ကြက်ခိုးမှုများသာဖြစ်ပွားလေ့ရှိပြီး ကျေးရွာအုပ်စုအတွင်း၌သာ ကိုင်တွယ်ဖြေရှင်းနိုင်ကြသည်။ လိုအပ်က ခရမ်းမြို့နယ်ရဲစခန်းမှ လုံခြုံရေးအကူအညီများ ရရှိနိုင်ပေသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ရေရှိသည့်နေရာအမျိုးအစားဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေလယ် မြေဧကပေါင်း (၆၁၉)ဧကအား (၆၅)အိမ်ထောင်စုမှ ပိုင်ဆိုင်ကြသည်။ မိုးစပါးနှင့်ဆောင်းသီးနှံအဖြစ် ပဲတီစိမ်းအဓိကစိုက်ပျိုးကြသည်။ သီးထပ်စိုက်ပျိုးနိုင်ပြီး ပဲဈေးကောင်းကတောင်သူများ ဝင်ငွေရရှိမှုမြင့်မားပြီး အမြတ်အစွန်း ပိုမိုရရှိကြသည်။ ဘုရားပျိုကျေးရွာတွင် ထွန်စက် ၆ စီး၊ လက်တွန်းထွန်စက် ၃၅ စီး ရေစုပ်စက် အလုံး ၄၀ နှင့်ရိတ်သိမ်းစက် ၁ လုံးပိုင်ဆိုင်ကြကြောင်းသိရှိရသည်။ ၎င်းလယ်ယာသုံးစက်ကိရိယာများရှိခြင်းသည်လည်း လယ်ယာလုပ်ငန်း လုပ်ကိုင်ရန်အလို့ငှာ များစွာအထောက်အကူပြုနေပေသည်။ စိုက်ပျိုးရေးသွင်းအားစုနှင့်ပတ်သက်၍ စိုက်ပျိုးရေးပိုးသတ်ဆေးများအား ဆောင်းသီးနှံတွင် လွန်စွာသုံးစွဲကြကြောင်း သိရှိရသည်။ စိုက်ပျိုးရေးကုမ္ပဏီများ အများအပြားရှိကြပြီး အပြိုင်အဆိုင်ရောင်းချကြခြင်းကြောင့် တောင်သူများကြိုက်နှစ်သက်ရာ ရွေးချယ်ဝယ်ယူနိုင်ကြသည်။

စိုက်ပျိုးရေးဆေးကုမ္ပဏီများထံမှ ရရှိသော်လည်း အပြည့်အဝ ရရှိရန်ခက်ခဲသည်။ ၎င်းတို့၏ ကုန်ပစ္စည်းပေါ်တွင်သာ အားပြုရောင်းချကြပြီး အကျိုးအမြတ်ကိုအဓိက ထားသည်။ သီးနှံ စီမံခန့်ခွဲထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြီးပြည့်စုံသော နည်းပညာများပေးရန် အားနည်းသည်။

ပွဲစားများမှတဆင့်သော်လည်းကောင်း၊ ကိုယ်တိုင်ခရမ်းမြို့သို့ တက်ရောက်ရောင်းချခြင်း။ ပဲပွဲရုံ၊ စပါး ပွဲရုံများ ခရမ်းမြို့တွင်ရှိ၍ ကုန်သွယ်မှု အားကောင်းသည်။ လမ်းပမ်းဆက်သွယ်ရေး ကောင်းကြသည်။ မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်ရေးဘဏ်နှင့် သမအဖွဲ့မှ ရရှိနိုင်သော်လည်း ကန့်သတ်မှုရှိသည်။ တစ်ဧကလျှင် တစ်သိန်းချေးပေးပြီး အများဆုံးမှာ ၁၀ ဧကအထိသာ ထုတ်ချေးပေးသည်။

တစ်ပိုင်တစ်နိုင်မွေးမြူရေးနှင့် စီးပွားဖြစ်မွေးမြူနိုင်ရန်အလို့ငှာ အလွယ်တကူရေ ရရှိနိုင်ကြသည်။ အဓိကအားဖြင့် မိုးရေနှင့်ကန်ရေများကို အသုံးပြုနိုင်ကြသည်။ ထုတ်လုပ်ရောင်းချမှုနှင့် ပတ်သက်၍ အနီးအနားရှိ ရွာများနှင့်ခရမ်းမြို့များသို့ တိုက်ရိုက်ရောင်းချနိုင်သည်။ ပညာရေးနှင့် ပတ်သတ်ပြီးလုံးဝကျောင်းမနေသူဦးရေသည် စုစုပေါင်းလူဦးရေ၏ (၃.၈၈%) သာရှိသည်ကိုတွေ့ရသဖြင့် ပညာရေးကို အလေးထားသည်ဟု ကောက်ချက်ဆွဲလို့ရသည်။ ဘုရားပျိုကျေးရွာအုပ်စုတွင် ဘုရားပျိုကျေးရွာရှိ အထက်တန်းကျောင်းတစ်ခုကိုသာ အားကိုးနေရပြီး ကျောင်းသားဦးရေ(၁၀၀၀)ကျော်အတွက် စာသင်ဆောင်မလုံလောက်သည့် ပြဿနာကြုံတွေ့နေရသည်။ အလယ်တန်းနှင့် အထက်တန်းပြီးဆုံး အောင်မတတ်ဘဲ မိသားစုဝမ်းစာအခက်အခဲကြောင့် ကျောင်းထွက်ရသူ အသင့်အတင့်ရှိသည်။ ယာဉ်အမျိုးမျိုး (ကား၊ ဆိုင်ကယ်၊သုံးဘီး)များဖြင့် အချိန်မရွေး သွားလာနိုင်ကြသည်။ ထုတ်ကုန် ရောင်းဝယ်မှု

အတွက်လွန်စွာ ကောင်းမွန်ပြီး အခက်အခဲလုံးဝ မရှိပေ။ မည်သည့်စီးပွားရေးမဆို လုပ်ကိုင်မည်ဆိုပါက လမ်းတံတား တည်ရှိမှုမှာ အားသာသော အ နေအထားတွင် တည်ရှိပေသည်။

## (ခ) အဟန့်အတားနှင့်စိန်ခေါ်မှုများ

စိုက်ပျိုးရေးနှင့်ပတ်သက်၍ အဟန့်အတားများစွာမတွေ့ရှိပေ။ မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ၁၈ဧက အထိသာ ချေးငွေထုတ်ချေးပေးသောကြောင့် ဧကများသောသူများအတွက် ချေးငွေအကန့်အသတ်ရှိနေပေသည်။ ၎င်းအပြင် လယ်မြေတိုးချဲ့ရန်မရှိခြင်း၊ မြေကြီးဖွဲ့စည်းပုံများ ယိုယွင်းပျက်စီးလာခြင်း၊ ဓါတ်မြေသြဇာသုံးစွဲမှု များပြားလာခြင်းကြောင့်ဖြစ်သည်။ မိုးရေကိုအဓိကမှီနေရသော်လည်း မိုးများ လွန်းလျှင် ရေထွက်စရာနေရာမရှိသောကြောင့် လယ်မြေရေလွှမ်းသည့်ဒဏ်ကို ခံနေရတတ်သည်။ မွေးမြူရေးအတွက် လုံလောက်သော ချေးငွေများရရှိရန် အခက်အခဲရှိပါသည်။ အစိုးရဌာနနှင့်ပုဂ္ဂလိက အဖွဲ့အစည်းများမှ မွေးမြူရေးဆိုင်ရာချေးငွေများ မရရှိကြပေ။ ရောဂါဖြစ်ပွားခြင်းနှင့်ပတ်သက်၍ အနည်းငယ်သာကျရောက်လေ့ရှိပြီး အလွန်အမင်းကျရောက်မှုမရှိကြပေ။ တစ်ရွာလုံးလျှပ်စစ်မီးရရှိလာ နိုင်ရန်အတွက် ကြိုးစားလုပ်ဆောင်နေဆဲဖြစ်သည်။ မဟာဓာတ်အားလိုင်းက ကျေးရွာကိုဖြတ်သွားသဖြင့် အလွယ်တကူသွယ်ယူနိုင်ပြီး သွယ်ယူပြီးသော အိမ်ထောင်စုများလည်းရှိနေသည်။ လျှပ်စစ်မီး သွယ်ယူရန် အနည်းဆုံးကျပ်(၄၀၀၀၀၀)ကုန်ကျသဖြင့် တစ်ရွာလုံးမသွယ်ယူနိုင်သေးခြင်း ဖြစ်သည်ဟု ရွာအစည်းအဝေးကထုတ်ဖော်သွားသည်။

## ၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

## (က) ရည်မှန်းချက်ပန်းတိုင်

ကျွန်တော်တို့ ကျေးရွာသူ/ကျေးရွာသားများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်သော အဖွဲ့နှင့်တိုင်ပင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် နည်းဗျူဟာများရေးဆွဲထားပြီး ဖြစ်ပါသည်။ ၎င်းဖွံ့ဖြိုးရေးနည်းဗျူဟာများတွင် ကျေးရွာသူ/ကျေးရွာသားများ ဝင်ငွေ တိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးနှင့် ပညာရေးကိုအလေးထားပြီး ကလေးများနှင့် လူငယ်များ အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များပါဝင်သည်။ ကွင်းဆင်းအဖွဲ့နှင့် တိုင်ပင်ပြီး ရည်မှန်းချက်ပန်းတိုင်(၃)ခုကိုလည်း အောက်ပါအတိုင်း ရိုးရှင်းစွာချမှတ်ထားပါသည်။ ၎င်းတို့မှာ -

က) ကျွန်ုပ်တို့ရွာလူထုသည် ဝင်ငွေနှင့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးမြင့်လုပ်ကိုင်လာနိုင်ရမည်။

ခ) ကျွန်ုပ်တို့ရွာလူထုသည် တစ်နှစ်ပတ်လုံးသောက်သုံးရေ လုံလောက်စွာရရှိလာနိုင်စေရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိလာနိုင်စေရမည်။

**(ခ)နည်းဗျူဟာ**

ကျွန်တော်တို့ကျေးရွာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အစိုးရနှင့်ပြည်နယ်အစိုးရတို့၏ မူဝါဒဆိုင်ရာအကူအညီများ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များစွာလိုအပ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေး၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် အခွင့်အလမ်းများတိုးတက်များပြားလာစေရေး၊ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုကဏ္ဍများ လက်လှမ်းမှီရရှိစေရေး၊ အသေးစား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် နည်းပညာရရှိစေရေးနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျေးရွာနှင့်မတူပီမြို့နယ်နှင့် ပြည်နယ်အစိုးရတို့ဖြင့် ဆက်စပ်လုပ်ကိုင်မှုတိုးချဲ့ရန်လိုပါသည်။

(က) တစ်နှစ်ပတ်လုံးသီးနှံစိုက်ပျိုးမထုတ်လုပ်နိုင်သော်လည်း ပဲအဓိကစိုက်ပျိုးခြင်း၊စပါးစိုက်ပျိုးခြင်းဖြင့် ဝင်ငွေပိုမိုရရှိနိုင်ပါသည်။ သို့သော် သီးနှံပိုမိုထွက်ရန် တောင်သူများအား စိုက်ပျိုးရေး အသိပညာပေးခြင်းနှင့် သဘာဝမြေသြဇာသုံးစွဲခြင်း၊ ဘက်စုံသီးနှံဖျက်ပိုးကာကွယ်နှိမ်နင်းနည်းများ၊ ဘဏ်လုပ်ငန်းနှင့် ဈေးငွေဆိုင်ရာအစီအစဉ်များ၊ စုပေါင်းရောင်းချ/ဝယ်ခြင်းများ အပါအဝင် နည်းစနစ်ကောင်းများသုံးရန် ဖန်တီးပေးရပါမည်။ ထွက်ရှိသော သီးနှံများအား ပြည်တွင်းပြည်ပမှ ကုန်သည်ပွဲစားများနှင့်ချိတ်ဆက်ပြီး ဈေးကောင်းရရှိရန်လုပ်ဆောင်မည် ဖြစ်ပါသည်။

(ခ) လယ်မဲ့ယာမဲ့နှင့် လယ်ယာမြေအနည်းငယ် ပိုင်ဆိုင်သူများကို အိမ်ခြံဝင်း ဥယျာဉ်စိုက်ပျိုးရေးအားပေး ဆောင်ရွက်မည်။ လယ်မဲ့ယာမဲ့ဆင်းရဲသားများ ဝင်ငွေတိုးတက်စေရန်အတွက် အလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုများဖော်ဆောင်ပေးရေး၊ စီးပွားရေးလုပ်ငန်းများ စီမံခန့်ခွဲမှုကျွမ်းကျင်ရေး၊ လုပ်ငန်းသစ်များ စွန့်ဦးတီထွင်လုပ်ကိုင်ရေး၊ တစ်နိုင်တပိုင်ကျေးလက်ကုန်ထုတ်လုပ်ငန်းများ တိုးပွားလာပြီး အနီးအနားတဝိုက်ဈေးများတွင် ထုတ်ကုန်များရောင်းချရေးတို့ကို လုပ်ရပါမည်။

(ဂ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် ချေးငွေများ၊ငွေရေးကြေးရေးဝန်ဆောင်မှုရရှိရန် ပိုမိုကောင်းမွန်သောဘဏ်လုပ်ငန်းများ လိုအပ်ပါသည်။ ငွေကြေးဝန်ဆောင်မှု ပေးသည့်ဘဏ်နှင့် ငွေချေးယူမည့်ကျေးရွာသားများကို စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်ပါသည်။ ငွေချေးလိုသူများဘက်မှ ဘဏ်သို့အဆိုပြုလွှာတင်နိုင်ရန်အတွက် အထောက်အထား မှတ်တမ်းမှတ်ရာများ ပြုစုထားရှိရန်နှင့် ကျေးရွာအခြေပြုငွေစုငွေချေးလုပ်ငန်းကို ခိုင်မာတောင့်တင်းအောင် ဆောင်ရွက်ထားရပါမည်။ သို့မှသာ ငွေကြေးဝန်ဆောင်မှုပေးသောဘဏ်များနှင့်ချိတ်ဆက်မိပြီး ကျေးရွာငွေစုငွေချေးလုပ်ငန်းအတွက် ရင်းနှီးမြှုပ်နှံငွေ

ပိုအားကောင်းလာမည်ဖြစ်သည်။ ငွေထုတ်ချေးမည့်ဘက်မှလည်း ဘဏ်နှင့်ငွေကြေးကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် မြို့နယ်အဆင့်ဌာနဆိုင်ရာနှင့် ဘဏ်ခွဲများမှဆွေးနွေးညှိနှိုင်း တောင်းဆိုမှုများလုပ်ရန်လိုအပ်သည်။ သို့မှသာ ကျေးလက်ဒေသနေပြည်သူများထံသို့ ငွေကြေး ဝန်ဆောင်မှုနှင့် ငွေကြေးဆိုင်ရာရရှိမှုတို့ လုံလုံလောက်လောက် ရှိနိုင်ပေမည်။

(ဃ) ကျေးရွာ၏ သောက်သုံးရေလုံလောက်ရေးနှင့် လျှပ်စစ်မီးလုံလောက်စွာ ရရှိနိုင်ရေးသည်လည်း ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေသည်။ နွေရာသီတွင် သောက်သုံးရေ ပြတ်လပ်မှုများကြောင့် အနီးအနားရှိ ကျေးရွာများမှ သွားရောက်ခပ်ယူရပြီး ဖြေရှင်းကြသည်။ ထို့ကြောင့် သောက်သုံးရေလုံလောက်စေရန်အလို့ငှာ စက်ရေတွင်းတူးပြီး၊ ရေကန်ထဲတွင် ထည့်သွင်း သိုလှောင်ခြင်းဖြင့် နွေရာသီတွင် ရေလုံလောက်မှုရှိနိုင်စေမည်ဖြစ်သည်။ အဆင်ပြေ သော အိမ်ထောင်စုများသည် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အား ရရှိကြသော်လည်း ဆင်းရဲသောအိမ်ထောင်စုများတွင် လျှပ်စစ်မီးသွယ်ယူရန် အခက်အခဲရှိကြသည်။ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးတွင် ကျေးရွာလုံးကျွတ်မီးလင်းနိုင်ရေးသည်လည်း အရေးကြီးသော လုပ်ငန်းရပ် တစ်ခုဖြစ်ပြီး ဆင်းရဲသောအိမ်ထောင်စုများအတွက်လည်း ထည့်သွင်းစဉ်းစားသင့်ပေသည်။ ထို့ကြောင့် သက်ဆိုင်ရာအစိုးရဌာနများနှင့် ပြင်ပအဖွဲ့များ၏ အကူအညီဖြင့် လျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာတွင်အသေးစားလုပ်ငန်းများ လုပ်ကိုင်လာနိုင်စေပြီး စီးပွားရေးလုပ်ငန်းများလည်း လုပ်ကိုင်လာနိုင်မည်ဖြစ်သည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းကို နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်

ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း မှန်မှန်စိစစ်သွားနိုင်ပါမည်။

### (ခ) စိုက်ပျိုးရေးနှင့်မွေးမြူရေး

စိုက်ပျိုးရေးဌာနနှင့် တိမွေးကုဦးစီးဌာနတို့သည် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ၊ တိရိစ္ဆာန် မွေးမြူရေးဆိုင်ရာနည်းပညာများအား ဖြန့်ဖြူးပေးနိုင်ရန် လိုအပ်ပါသည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးဆေးကုမ္ပဏီများမှလည်း နည်းပညာနှင့်ဆေးများဖြန့်ဖြူးပေးလျှက်ရှိပြီး လိုအပ်သော အချိန် တိုင်း လက်လှမ်းမှီမှုရှိကြသည်။ ထွက်ရှိသောသီးနှံ (စပါးနှင့်ပဲအမျိုးမျိုး)များအား ခရမ်းမြို့ရှိ သီးနှံပွဲရုံများတွင် လွတ်လပ်စွာရောင်းချနိုင်ကြသည်။ သို့သော် ဈေးကွက်နှင့်ပတ်သက်၍ တည်ငြိမ်မှု အားနည်းပြီး တစ်ချို့နှစ်များတွင် ပြည်ပတင်ပို့ရောင်းချခွင့်နည်းသောကြောင့် သီးနှံဈေးများကျဆင်းပြီး တောင်သူများ အရှုံးနှင့်ရင်ဆိုင်ကြသည်။ ထို့ကြောင့်သက်ဆိုင်ရာအစိုးရဌာနများမှ ဈေးနှုန်းနှင့် ပတ်သက်သော ဥပဒေများပြဋ္ဌာန်းပြီး သီးနှံဈေးနှုန်းများအား အာမခံချက်ပေးခြင်းများဖြင့် ကိုင်တွယ် ဖြေရှင်းရန် ဆောင်ရွက်သင့်ပေသည်။ စပါးနှင့်ပဲအမျိုးမျိုးနှင့်သက်ဆိုင်သော မျိုးကောင်းမျိုးသန့်ရ နိုင်ရေးသည်လည်း သီးနှံအထွက်တိုးရေးအတွက် လွန်စွာအထောက်အကူဖြစ်စေနိုင်မည် ဖြစ်သည်။ ရှိရင်းစွဲမျိုးများအား နှစ်စဉ်ဆက်တိုက်သုံးစွဲလာခြင်း၊ ပိုးသတ်ဆေးများအား အလွန်အကျွံသုံးစွဲလာခြင်း များကြောင့် ဖျက်ပိုးများဆိုးရွားစွာကျရောက်ပြီး သီးနှံအထွက်နှုန်းအား ထိခိုက်နိုင်ပေမည်ဖြစ်သည်။ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းခြင်းနည်းပညာများနှင့် မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်းနည်းပညာများ ရရှိအောင်ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူများ သီးနှံအထွက်နှုန်းပိုမိုကောင်းမွန်လာပြီး အမြတ်အစွန်း ပိုမိုရရှိလာနိုင်မည်ဖြစ်သည်။

### (ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ခရမ်းမြို့နယ်တွင် မြန်မာ့စိုက်ပျိုးရေးဘဏ်မှ စပါးစိုက်ပျိုးရန် (၁၀) ဧကအထိ ချေးငွေများ ရရှိကြသည်။ တစ်ဧက တစ်သိန်းကျပ်အထိသာ ရရှိကြပြီး (၁၀)ဧကအထက် တောင်သူကြီးများအတွက် ချေးငွေမလုံလောက်ခြင်းနှင့် ချေးငှားချိန်တိုတောင်းခြင်းများကြောင့် အခက်အခဲအနည်းငယ်ကြုံတွေ့နိုင် ကြရသည်။ ပဲစိုက်တောင်သူများအတွက် ချေးငွေထုတ်ချေးခြင်းများမရှိဘဲ နီးစပ်ရာစိုက်ပျိုးရေးဆေး ဆိုင်၊ ကုန်သည်ပွဲစားနှင့် ငွေချေးစားသူများထံမှ အတိုးနှုန်းမြင့်စွာဖြင့် ချေးယူကြရသည်။ ထို့ကြောင့် သက်ဆိုင်ရာ အစိုးရငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများမှ အတိုးနှုန်းသက်သာသောငွေကြေး အစီ အစဉ်များ ပြုလုပ်ပေးခြင်းဖြင့် တောင်သူများအတွက် ငွေကြေးချေးယူမှုအပိုင်းတွင်ပိုမို အဆင်ပြေလာ နိုင်မည်ဖြစ်သည်။

## (ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအစီအစဉ်

နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးအစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေးဝန်ထမ်းအချို့ ပါဝင်သင့်ပါသည်။ မြို့နယ်ဒေသမှသည် ကျေးရွာအထိ လိုအပ်သောစီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်း ရှိရပါမည်။ ၎င်းအဖွဲ့သည် သက်ဆိုင်ရာလုပ်ငန်းအလိုက် ဘဏ်လုပ်ငန်းဆိုင်ရာငွေကြေးဝန်ဆောင်မှုပေးသော အဖွဲ့များနှင့်ချိတ်ဆက်၍ အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးရန် လုပ်ဆောင်သင့်ပါသည်။ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များအားလည်း ကျေးရွာများလက်လှမ်းမှီစွာရရှိရန် လုပ်ဆောင်ပေးသင့်ပါသည်။

## (စ) ကျေးရွာမီးလင်းရေး

ကျေးရွာလုံးကျွတ်မီးလင်းရေးသည်လည်း ကျေးရွာသူ၊သားများ၏ အဓိကပန်းတိုင်တစ်ခုဖြစ်ပေသည်။ ကျေးရွာ၏လုပ်အား၊ ငွေအားတို့ဖြင့်မတတ်နိုင်သောကြောင့် နိုင်ငံတော်အစိုးရ၊ ကျေးလက်ဦးစီးဌာန၊ လျှပ်စစ်ဌာနနှင့် ပြည်ထောင်စုအစိုးရမှ ကျေးရွာလျှပ်စစ်မီးရရှိစေရန် ကူညီဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာမီးလင်းလာနိုင်စေပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေနိုင်ပါမည်။

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

## (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုး စီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေ သည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့်

အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)**

ဆောင်ရွက်မည့်စီမံကိန်းသည်၊ စီမံကိန်းဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)**

(၁) ငွေကြေးရင်းနှီးမြှုပ်နှံမှုများ (Capital Investment) ဥပမာ–ဆောက်လုပ်ရေး ပစ္စည်းများနှင့် ပုံသေ ဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံးစရိတ်၊

(၃) အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေးရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့။

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာန များနှင့်အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

## ဦးစားပေးစီမံချက်ဇယား

ဘုရားပျိုကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင်ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကိုအခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

## ဘုရားပျိုကျေးရွာ ဦးစားပေးစီမံချက်ရွေးချယ်မှုပြုလုပ်ခြင်း

| ကဏ္ဍ | ○ စီမံချက် | ရမှတ်ပေါင်း | အဆင့် | အကောင်အထည်ဖော်မည့်နည်းဗျူဟာ၊ လုပ်ငန်းစဉ်များ |
|---|---|---|---|---|
